ကန့်သတ်

၁

အကြောင်းအရာ။ ရခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Zhengbang(Mandalay)Farms Co.,Ltd. မှ တိရိစ္ဆာန်အစားအစာများ ထုတ်လုပ်ခြင်း နှင့် ရောင်းချခြင်း လုပ်ငန်း အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြု လျှောက်ထားလွှာ တင်ပြခြင်းကိစ္စ။

၁။	ကုမ္ပဏီအမည်	- Zhengbang(Mandalay)Farms Co.,Ltd.
	ရင်းနှီးမြှုပ်နှံသူ	- Mr.Zhao,Bozheng
	ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဍာန်	- ရခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု Zhengbang(Hongkong)Trading Co., Ltd. (ဟောင်ကောင်နိုင်ငံ) ၁၀၀ %
	လုပ်ငန်းအမျိုးအစား	- တိရိစ္ဆာန်အစားအစာများ ထုတ်လုပ်ခြင်း နှင့် ရောင်းချခြင်း လုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ်-အက်ဖ်-ဒီ-၁(၁၃)၊ အက်ဖ်-ဒီ-၂(၂၄) ၊ မြို့သာစက်မှုဇုန်၊ ငါန်းဇွန်မြို့နယ်၊ မြင်းခြံခရိုင်၊ မန္တလေးတိုင်းဒေသကြီး
၃။	မြေပိုင်ရှင် မြေအကျယ်အဝန်း အဆောက်အဦအရေအတွက်	- ဦးကျော်ကျော်ဝင်း - ၁၂.၅၃ ဧက (၅၀၇၀၇.၁၀၆စတုရန်းမီတာ) - (၂၇.၅မီတာx၂၇.၅မီတာ) စက်ရုံ အဆောက်အဦ(၁)လုံး (၈၄မီတာx၃၀မီတာ) ပင်မသိုလှောင် ရုံ(၁)လုံး (၄၂မီတာx၇၈မီတာ) သိုလှောင်ရုံ(၁)လုံး (၂၉.၆မီတာx၁၄မီတာ) ဝန်ထမ်းအိမ်ယာ (၁)လုံး (၁၄မီတာx၁၄မီတာ)စားသောက်ဆောင် (၁)လုံး (၂၉.၆မီတာx၁၄မီတာ)ရုံးအဆောက်အဦ (၁)လုံး (၁၈မီတာx၇မီတာ)မီးသတ်ရေလှောင်ကန် (၁)လုံး (၉မီတာx၂၁မီတာ)ဘွိုင်လာထားရှိမည့်အဆောက်အဦ(၁)လုံး
	နှစ်စဉ်မြေငှားရမ်းခ	- တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၆၁၁၀/- နှုန်းဖြင့် နှစ်(၇၀)အတွက် မြေငှားရမ်းခ အမေရိကန်ဒေါ်လာ ၁,၁၂၇,၇၀၀/- - (တစ်နှစ် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၀.၃၂နှုန်း)
၄။	ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း	- ကနဦး ၅၀နှစ် နှင့် နောက်ထပ်၁၀နှစ်(၂)ကြိမ်
၅။	တည်ဆောက်မှုကာလ	- ၃နှစ်

<table>
<tr><td>၆။</td><td>စုစုပေါင်းမတည်ငွေရင်းပမာဏ
ငွေသား
စက်ပစ္စည်း(ပြည်ပဝယ်)
အဆောက်အဦ</td><td>US$ ၅.၀၀သန်း
US$ ၀.၂၀၀ သန်း
US$ ၃.၂၄၃ သန်း
US$ ၁.၅၅၇သန်း</td></tr>
<tr><td>၇။</td><td>စီးပွားဖြစ်မစတင်မီ ထည့်ဝင်မည့်ပမာဏ</td><td>US$ ၄.၀၀၀ သန်း</td></tr>
<tr><td>၈။</td><td>ဆောင်ရွက်မည့်နည်းစနစ် (ရောင်းချမည့်ပုံစံ)</td><td>- ပြည်တွင်း (၁၀၀) ရာခိုင်နှုန်း</td></tr>
<tr><td>၉။</td><td>ထုတ်လုပ်မှုနှင့်ရောင်း ဈေးနှုန်း(ပထမနှစ်)</td><td>
<table>
<tr><th>အမျိုးအမည်</th><th>ထုတ်လုပ်မှု (တန်)</th><th>ဈေးနှုန်း (တန်/ကျပ်)</th></tr>
<tr><td>Chicken Feed</td><td>၉၅,၀၀၀</td><td>၇၁၀,၀၀၀/-</td></tr>
<tr><td>Duck Feed</td><td>၈,၀၀၀</td><td>၆၅၀,၀၀၀/-</td></tr>
<tr><td>Fish Feed</td><td>၁၈,၀၀၀</td><td>၆၈၀,၀၀၀/-</td></tr>
<tr><td>Pork Feed</td><td>၂၈,၀၀၀</td><td>၇၄၀,၀၀၀/-</td></tr>
</table>
</td></tr>
<tr><td>၁၀။</td><td>ဝန်ထမ်းခန့်ထားမှု</td><td>
<table>
<tr><th></th><th>ပြည်တွင်း</th><th>ပြည်ပ</th></tr>
<tr><td>ဦးရေ</td><td>၁၂၀ ဦး</td><td>၁၅ ဦး</td></tr>
<tr><td>အမြင့်ဆုံးလစာ</td><td>ကျပ်၅၀၀,၀၀၀/-</td><td>US$ ၃၅၀၀</td></tr>
<tr><td>အနိမ့်ဆုံးလစာ</td><td>ကျပ်၁၅၀,၀၀၀/-</td><td>US$ ၁၅၀၀</td></tr>
</table>
</td></tr>
<tr><td>၁၁။</td><td>CSR အစီအစဉ်</td><td>- လုပ်ငန်းအမြတ်ငွေ၏ ၂% ကိုအောက်ပါ အတိုင်း သုံးစွဲမည် ဖြစ်ပါသည်-
➢ ပညာရေးကဏ္ဍတွင် ၂၀%
➢ ကျန်းမာရေးကဏ္ဍတွင် ၂၀%
➢ လူမှုရေးကဏ္ဍတွင်၂၀%
➢ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင်၂၀%
➢ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ၂၀%</td></tr>
<tr><td>၁၂။</td><td>မီးဘေးကြိုတင် ကာကွယ်မှု စီမံချက်</td><td>- စီမံချက်အား တင်ပြထားပြီး မီးသတ်ဆေးဘူးများ၊ ရေပုံးများ၊ မီးသတ်ပိုက်လိုင်းများ၊ အလိုလျောက် မီးအချက်ပေးစနစ် နှင့်သံချောင်းများ၊ မီးလုန့်အချက်ပေးစနစ်၊ အရေးပေါ်ထွက်ပေါက်များထားရှိခြင်း၊ မီးဘေးလုံခြုံရေး ဝန်ထမ်းများကိုနေ့စဉ် တာဝန်ချထားခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။</td></tr>
</table>

၁၃။	သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအစီအစဉ်	- ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေးအတွက် အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်း၊ အနံ့ဆိုးများပျောက်ကင်းစေရန် အပင်များစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၄။	လုပ်ငန်းခွင် သာယာရေး နှင့် သက်သာချောင်ချိရေး အစီအစဉ်	- ဝန်ထမ်းအိမ်ယာနှင့် ဝန်ထမ်း ထမင်းစားဆောင်များ စီစဉ်ပေးခြင်း၊ စာကြည့်တိုက်ထားရှိခြင်း၊ အိမ်သာကို အလုံအလောက်တည်ဆောက်ထားရှိခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု ဆေးခန်းထားရှိခြင်း၊ နှစ်စဉ်အပိုဆုကြေးပေးခြင်း၊ ပိတ်ရက်များနှင့်အစိုးရ ရုံးပိတ်ရက်များ တွင် လုပ်ငန်းခွင် ဝင်ရသည့် ဝန်ထမ်းများအား အချိန်ပို ကြေးပေးခြင်း တို့ကို ဆောင်ရွက်ပေးမည် ဖြစ် ကြောင်း တင်ပြ ထားပါသည်။
၁၅။	အခြားတင်ပြချက်များ	- ဝန်ထမ်း၊ အလုပ်သမားများ၏လုပ်ခ၊ လစာနှင့် ပတ် သက်၍ သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်း မျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများ နှင့်အညီ လိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံ ကတိတင်ပြ ထားပါ သည်။ - နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခွင့် နှင့်စပ်လျဉ်း၍ တည်ဆဲ လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ဥပဒေ၊နည်း ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံ ကတိတင်ပြ ထားပါ သည်။ - အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများအား သက်ဆိုင်ရာ တည်ဆဲဥပဒေများ နှင့်အညီ ဖြေရှင်း ဆောင်ရွက် သွားပါမည်ဟု ဝန်ခံကတိတင်ပြထားပါသည်။ - မြေပိုင်ရှင် ဦးကျော်ကျော်ဝင်းနှင့် Zhengbang(Mandalay) Farms Co.,Ltd.. တို့အကြား ချုပ်ဆိုမည့် မြေငှားရမ်းခြင်း စာချုပ် (မူကြမ်း) နှင့် မြေပိုင်ဆိုင်မှုအထောက်အထားများ ပူးတွဲ တင်ပြထားပါသည်။ - ထုတ်လုပ်မှု နည်းစဉ်များနှင့် ကုန်ချောနမူနာ(ဓါတ်ပုံ)တို့ကို တင်ပြ ထားပါသည်။ - ပတ်ဝန်းကျင်တည်နေရာပြ မြေပုံနှင့် ဆောက်လုပ်မည့် အဆောက်အဦ Layoutပုံစံ (မိတ္တူ) တင်ပြထားပါသည်။ - လုပ်ငန်းသုံး စက်ပစ္စည်းများအား ပြည်ပမှ ဝယ်ယူ အသုံးပြု

		မည် ဖြစ်ပါသည်။ - နိုင်ငံခြားမတည်ငွေရင်းအား (၃)နှစ် အတွင်းယူဆောင်လာမည် ဖြစ်ကြောင်းတင်ပြထားပါသည်။ - လုပ်ငန်းမှထွက်ရှိလာသည့် တိရိစ္ဆာန်အစားအစာများကို ပြည်တွင်း ဈေးကွက်သို့ ဖြန့်ဖြူး ရောင်းချမည်ဖြစ်ကြောင်းတင်ပြထားပါသည်။ - မိခင်ကုမ္ပဏီ ဖြစ်သည့် Zhengbang(Hongkong)Trading Co., Ltd. သည် ဟောင်ကောင်တွင် ကုန်ကြမ်းများ တင်ပို့ရောင်းချလျှက်ရှိကြောင်း၊ တရုတ်ပြည်ရှိ Jiangxi Zhengbang Technology Co.,Ltd. ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီသည် တရုတ်ပြည်မကြီးတွင်တိရိစ္ဆာန် အစားအစာ ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လျှက်ရှိကြောင်း ၊ တရုတ်နည်း ပညာကို အသုံးပြုမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ - ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်နှင့် ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံသူ၏ Passport မိတ္တူများကို တင်ပြထား ပါသည်။
၁၆။	**စိစစ်တင်ပြချက်**	- အဆိုပြုလုပ်ငန်း သည် ရင်းနှီးမြှုပ်နှံမှု ဦးစားပေးမြှင့် တင်မည့် ကဏ္ဍတွင် ပါဝင်ပါသည်။ - ဖွံ့ဖြိုးတိုးတက်မှုဇုန်(၁) တွင် ပါဝင်သဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့် ၇ နှစ် ခံစားခွင့် လျှောက်ထား နိုင်ပါသည်။ - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တိရိစ္ဆာန်အစားအစာ ထုတ်လုပ်ခြင်း နှင့် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန် မြို့သာစက်မှုဇုန်တွင် (၂)ခု၊ တံတားဦးမြို့နယ်တွင်(၁)ခု စုစုပေါင်း (၃)ခု ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ်၊ ၂၂/ ၄၄/ ၀၃(န-၃၂) (၈၂၉ / ၂၀၁၉)

ရက်စွဲ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်။

မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Zhengbang(Mandalay)Farms Co.,Ltd.မှ တိရိစ္ဆာန် အစားအစာများ ထုတ်လုပ်ခြင်း နှင့် ရောင်းချခြင်း လုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြု လျှောက်ထားလွှာ တင်ပြခြင်းကိစ္စ။

၁။ Zhengbang(Mandalay)FarmsCo.,Ltd မှမြေကွက်အမှတ်-အက်ဖ်-ဒီ-၁(၁၃)၊ အက်ဖ်-ဒီ-၂(၂၄) ၊ မြို့သာစက်မှုဇုန်၊ ငါန်းဇွန်မြို့နယ်၊ မြင်းခြံခရိုင်၊ မန္တလေးတိုင်းဒေသကြီး ရှိ မြေ ၁၂.၅၃ ဧက(၅၀၇၀၇.၁၀၆ စတုရန်းမီတာ) အား ငှားရမ်း၍ တိရိစ္ဆာန်အစားအစာများ ထုတ်လုပ်ခြင်း နှင့် ရောင်းချခြင်း လုပ်ငန်းအား ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြု လျှောက်ထားလွှာ တင်ပြလာပါသည်။

၂။ မြေပိုင်ရှင် ဦးကျော်ကျော်ဝင်း နှင့် Zhengbang(Mandalay)FarmsCo.,Ltd တို့အကြား ချုပ်ဆိုမည့် မြေငှားရမ်းခြင်း စာချုပ်(မူကြမ်း)၊ မြေပိုင်ဆိုင်မှု အထောက်အထားများ၊ ကုမ္ပဏီမှတ်ပုံတင် လက်မှတ် နှင့် ကုမ္ပဏီဆိုင်ရာ အချက်အလက်များ၊ ရင်းနှီးမြှုပ်နှံသူ၏ Passport မိတ္တူများ ပူးတွဲတင်ပြထားပါသည်။

၃။ တည်ဆောက်ရေးကာလမှာ ၃နှစ် ဖြစ်ပါသည်။

၄။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅.၀၀၀သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ငွေသား	-	US$ ၀.၂၀၀ သန်း
စက်ပစ္စည်း(ပြည်ပဝယ်)	-	US$ ၃.၂၄၃ သန်း
အဆောက်အဦ	-	US$ ၁.၅၅၇သန်း
စုစုပေါင်း	-	US$ ၅.၀၀၀သန်း

၅။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်း (၁၂၀) ဦး နှင့် ပြည်ပဝန်ထမ်း(၁၅)ဦး ခန့်ထားဆောင်ရွက်မည် ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၅၀,၀၀၀/- နှင့် အမြင့်ဆုံး ကျပ်၅၀၀,၀၀၀/-ဖြစ်ပြီး ပြည်ပဝန်ထမ်း တစ်ဦး၏ အနိမ့်ဆုံး လစာမှာ US$ ၁၅၀၀နှင့် အမြင့်ဆုံးUS$ ၃၅၀၀ ဖြစ်ပါသည်။

၆။ လုပ်ငန်းမှထွက်ရှိလာမည့် ကုန်ချောများကို ပြည်တွင်း ၁၀၀ ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပြီး ပထမနှစ်၏ ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်း မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

အမျိုးအမည်	ထုတ်လုပ်မှု(တန်)	ဈေးနှုန်း (တန်/ ကျပ်)
Chicken Feed	၉၅,၀၀၀	၇၁၀,၀၀၀/-
Duck Feed	၈,၀၀၀	၆၅၀,၀၀၀/-
Fish Feed	၁၈,၀၀၀	၆၈၀,၀၀၀/-
Pork Feed	၂၈,၀၀၀	၇၄၀,၀၀၀/-

၇။ **စီစစ်တင်ပြချက်**

(က) အဆိုပြုမြေပေါ်တွင် (၂၇.၅မီတာx၂၇.၅မီတာ) စက်ရုံ အဆောက်အဦ(၁)လုံး၊ (၈၄မီတာx၃၀မီတာ) ပင်မသိုလှောင်ရုံ(၁)လုံး၊ (၄၂ မီတာx၇၈မီတာ) သိုလှောင်ရုံ (၁)လုံး၊ (၂၉.၆မီတာx၁၄မီတာ) ဝန်ထမ်းအိမ်ယာ (၁)လုံး၊ (၁၄မီတာx၁၄မီတာ) စားသောက်ဆောင်(၁)လုံး၊ (၂၉.၆မီတာx၁၄မီတာ) ရုံးအဆောက်အဦ (၁)လုံး၊ (၁၈မီတာx၇မီတာ) မီးသတ်ရေလှောင်ကန် (၁)လုံး၊ (၉မီတာx၂၁မီတာ) ဘွိုင်လာ ထားရှိမည့် အဆောက်အဦ(၁)လုံး တို့ကို ဆောက်လုပ်မည်ဖြစ်ပါ သည်။

(ခ) **CSR** အနေဖြင့် လုပ်ငန်းအမြတ်ငွေ ၏ ၂% ကိုအောက်ပါ အတိုင်း သုံးစွဲမည် ဖြစ်ပါသည်-

- ပညာရေးကဏ္ဍတွင် ၂၀%
- ကျန်းမာရေးကဏ္ဍတွင် ၂၀%
- လူမှုရေးကဏ္ဍတွင်၂၀%
- သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင်၂၀%
- ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ၂၀%

(ဂ) **မီးဘေးကြိုတင်ကာကွယ်ရေး** အနေဖြင့် စီမံချက်အား တင်ပြထားပြီး မီးသတ် ဆေးဘူးများ၊ ရေပုံးများ၊ မီသတ်ပိုက်လိုင်းများ၊ အလိုလျောက် မီးအချက်ပေး စနစ် နှင့် သံချောင်းများ၊ မီးလုန့်အချက်ပေးစနစ်၊ အရေးပေါ် ထွက်ပေါက်များ ထားရှိ ခြင်း၊ မီးဘေးလုံခြုံရေး ဝန်ထမ်းများကိုနေ့စဉ် တာဝန်ချထားခြင်းတို့ ဆောင်ရွက် သွားမည် ဖြစ်ပါ သည်။

(ဃ) ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရေးအတွက် အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်း၊ အနံ့ဆိုးများပျောက်ကင်းစေရန် အပင်များစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ် ကြောင်း၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏

စည်းမျဉ်းစည်းကမ်းများ နှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြထား ပါသည်။

(င) လုပ်ငန်းခွင် သက်သာချောင်ချိရေး အနေဖြင့် ဝန်ထမ်းအိမ်ယာနှင့် ဝန်ထမ်း ထမင်းစားဆောင်များ စီစဉ်ပေးခြင်း၊ စာကြည့်တိုက်ထားရှိခြင်း၊ အိမ်သာကို အလုံ အလောက်တည်ဆောက်ထားရှိခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု ဆေးခန်းထားရှိခြင်း၊ နှစ်စဉ်အပိုဆုကြေးပေးခြင်း၊ ပိတ်ရက်များနှင့်အစိုးရ ရုံးပိတ်ရက်များ တွင် လုပ်ငန်းခွင် ဝင်ရသည့် ဝန်ထမ်းများအား အချိန်ပိုကြေးပေးခြင်း တို့ကို ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း တင်ပြ ထားပါသည်။

(စ) ဝန်ထမ်း၊ အလုပ်သမားများ၏လုပ်ခ၊ လစာနှင့် ပတ်သက်၍ သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများ နှင့်အညီ လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝန်ခံ ကတိတင်ပြ ထားပါ သည်။

(ဆ) နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခွင့် နှင့်စပ်လျဉ်း၍ တည်ဆဲ လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာဥပဒေ၊နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံ ကတိတင်ပြ ထားပါ သည်။

(ဇ) အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမား တို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများအား သက်ဆိုင်ရာ တည်ဆဲဥပဒေများ နှင့်အညီ ဖြေရှင်းဆောင်ရွက်သွားပါမည်ဟု ဝန်ခံကတိတင်ပြထားပါသည်။

(ဈ) ပတ်ဝန်းကျင်တည်နေရာပြ မြေပုံနှင့် ဆောက်လုပ်မည့် အဆောက်အဦ Layoutပုံစံ (မိတ္တူ) တင်ပြထားပါသည်။

(ည) လုပ်ငန်းသုံး စက်ပစ္စည်းများအား ပြည်ပမှ ဝယ်ယူမည် ဖြစ်ပါသည်။

(ဋ) ထုတ်လုပ်မှု နည်းစဉ်များနှင့် ကုန်ချောနမူနာ(ဓါတ်ပုံ)တို့ကို တင်ပြထားပြီး လုပ်ငန်းမှ ထွက်ရှိလာသည့် တိရိစ္ဆာန်အစားအစာများကို ပြည်တွင်းဈေးကွက် သို့ ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်းတင်ပြထားပါသည်။

(ဌ) နိုင်ငံခြားမတည်ငွေရင်းအား ၃နှစ်အတွင်း ယူဆောင်လာမည် ဖြစ်ကြောင်း တင်ပြထားပါသည်။

(၃) မိခင်ကုမ္ပဏီ ဖြစ်သည့် Zhengbang(Hongkong)Trading Co., Ltd. သည် ဟောင်ကောင်တွင် ကုန်ကြမ်းများ တင်ပို့ ရောင်းချလျှက်ရှိကြောင်း၊ တရုတ်ပြည်ရှိ Jiangxi Zhengbang Technology Co.,Ltd. ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီသည် တရုတ် ပြည်မကြီးတွင်တိရိစ္ဆာန်

အစားအစာ ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လျှက်ရှိကြောင်း ၊ တရုတ်နည်းပညာကို အသုံးပြုမည် ဖြစ်ကြောင်း တင်ပြထားပါသည်။

(ဃ) အဆိုပြုလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှု ဦးစားပေးမြှင့်တင်မည့် ကဏ္ဍတွင် ပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်မှုဇုန်(၁) တွင် ပါဝင်သဖြင့် ဝင်ငွေခွန်ကင်း လွတ်ခွင့် ၇ နှစ် ခံစားခွင့် လျှောက် ထားနိုင်ပါသည်။

(င) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တိရိစ္ဆာန်အစားအစာ ထုတ်လုပ်ခြင်း နှင့် ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ရန် မြို့သာစက်မှုဇုန်တွင် (၂)ခု၊ တံတားဦးမြို့နယ်တွင်(၁)ခု စုစုပေါင်း(၃)ခု ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။

ဆုံးဖြတ်ရန်အချက်

၈။ Zhengbang(Mandalay)FarmsCo.,Ltd မှ တိရိစ္ဆာန်အစားအစာများ ထုတ်လုပ်ခြင်း နှင့် ရောင်းချခြင်း လုပ်ငန်းအား ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် တင်ပြလာခြင်း နှင့်စပ်လျဉ်း၍ အတည်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)

(နွယ်နီဦး၊အတွင်းရေးမှူး)